# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၆ /၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ဖော်ပြပါ ဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် ထုတ်ပြန်ကြေညာလိုက်သည်-

(က) ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဇယား (၁)ပါ ထိန်းချုပ်ဓာတုပစ္စည်းများ

ဇယား (၁)

| စဉ် | ထိန်းချုပ်ဓာတုပစ္စည်း (Precursors) | ဓာတုအမည် (Chemical Name) |
|---|---|---|
| (၁) | အက်စစ်တစ် အင်ဟိုက်ဒရိုက် (Acetic anhydride) | (acetic oxide) |
| (၂) | အင်-အက်စီတိုင်းလ်အင်သရာနီလစ် အက်စစ် (*N*-Acetylanthranilic acid) | (benzoic acid, 2-(acetylamino)-) |
| (၃) | ၄-အနီလီနို-အင်-ဖီနိုင်သိုင်းလ်ပိုင်ပီရာဒင်း (4-Anilino-*N*-phenethylpiperidine (ANPP)) | (*N*-phenyl-1-(2-phenylethyl)piperidin-4-amine) |
| (၄) | တာတ်-ဗြူတိုင်း ၄-(ဖီနိုင်အမိုင်နို) ပိုင်ပါရီဒင်း-၁-ကာဘောက်စီလိတ် (၁-ဘီအိုစီ-၄-အေပီ) *tert*-Butyl 4-(phenylamino)piperidine-1-carboxylate (1-boc-4-AP) | (4-(phenylamino)-1-piperidinecarboxylic acid, 1,1 dimethylethyl ester) |

| | | |
|---|---|---|
| (၅) | အက်ဖီဒရင်း<br>(Ephedrine) | ([*R*-(*R**,*S**)]-α-[1-(methylamino)ethyl]-benzenemethanol) |
| (၆) | အာဂိုမတ်ထရင်း<br>(Ergometrine) | (ergoline-8-carboxamide, 9,10-didehydro-*N*-(2-hydroxy-1-methylethyl)-6-methyl-,[8ß(*S*)]) |
| (၇) | အာဂိုတမင်း<br>(Ergotamine) | (ergotaman-3',6',18'-trione, 12'-hydroxy-2'-methyl-5'-(phenylmethyl)-,(5α)) |
| (၈) | အိုင်ဆိုဆာဖရိုး<br>(Isosafrole) | (1,3-benzodioxole,5-(1-propenyl)-) |
| (၉) | လိုက်ဆာဂျစ် အက်စစ်<br>(Lysergic acid) | ((8ß)-9,10-didehydro-6-methylergoline-8-carboxylic acid) |
| (၁၀) | ၃,၄-အမ်ဒီပီ-၂-ပီ မီသိုင်းလ် ဂလိုက်စီဒိတ်<br>(3,4-MDP-2-P methyl glycidate) | (2-oxiranecarboxylic acid, 3-(1,3-benzodioxol-5-yl)-2-methyl-, methyl ester) |
| (၁၁) | ၃,၄-အမ်ဒီပီ-၂-ပီ မီသိုင်းလ် ဂလိုက်စီဒစ် အက်စစ်<br>(3,4-MDP-2-P methyl glycidic acid) | (2-oxiranecarboxylic acid, 3-(1,3-benzodioxol-5-yl)-2-methyl-) |
| (၁၂) | ၃,၄-မီသိုင်းလင်းဒိုင်အောက်ဆီဖီနိုင်းလ်-၂-ပရိုပန်နုန်း<br>(3,4-Methylenedioxyphenyl-2-propanone) | (2-propanone,1-[3,4 (methylenedioxy)phenyl]-) |
| (၁၃) | မီသိုင်းလ် အယ်ဖာ- ဖီနိုင်းအက်စီတိုအက်စီတိတ်<br>(အမ်အေပီအေ)<br>(Methyl alpha-phenylacetoacetate (MAPA)) | (methyl 3-oxo-2-phenylbutanoate) |

| | | |
|---|---|---|
| (၁၄) | နော်အက်ဖီဒရင်း<br>(Norephedrine) | (R*,S*)–α–(1–aminoethyl) benzene methanol |
| (၁၅) | နော်ဖင်တာနိုင်း<br>(Norfentanyl) | (Propanamide, *N*–phenyl–*N*–4–piperidinyl–) |
| (၁၆) | အင်–ဖီနိုင်သိုင်းလ်–၄–ပိုက်ပါရီဒုန်း (အန်ပီပီ)<br>(N–Phenethyl–4–piperidone (NPP)) | (1–(2–phenylethyl)–piperidin–4–one) |
| (၁၇) | ဖီနိုင်းလ်အက်စီတစ် အက်စစ်<br>(Phenylacetic acid) | (benzeneacetic acid) |
| (၁၈) | အယ်လ်ဖာ–ဖီနိုင်းလ်အက်စီတိုအက်စီတာမိုက်<br>(အေပီအေအေ)<br>(alpha–Phenylacetoacetamide (APAA)) | (benzeneacetamide, α–acetyl–) |
| (၁၉) | အယ်လ်ဖာ–<br>ဖီနိုင်းလ်အက်စီတိုအက်စီတိုနိုက်ထရေး<br>(အေပီအေအေအန်)<br>(alpha–Phenylacetoacetonitrile (APAAN)) | (3–oxo–2–phenylbutanenitrile) |
| (၂၀) | အင်–ဖီနိုင်းလ်–၄–ပိုင်ပီရီဒီနာမိုက် (၄–အေပီ)<br>(N–Phenyl–4–piperidinamine (4–AP)) | (4–Piperidinamine, *N*–phenyl–) |
| (၂၁) | ၁–ဖီနိုင်း–၂–ပရိုပန်နုန်း<br>(1–Phenyl–2–propanone) | (1–phenyl–2–propanone) |
| (၂၂) | ပိုင်ပါရိုနယ်လ်<br>(Piperonal) | (1,3–benzodioxole–5–carboxaldehyde) |
| (၂၃) | ပိုတက်စီယမ် ပါမင်းဂနိတ်<br>(Potassium permanganate) | (permanganic acid (HMnO4), potassium salt) |
| (၂၄) | ဆူဒိုအက်ဖီဒရင်း<br>(Pseudoephedrine) | ([*S*–(*R**,*R**)]–α–[1–(methylamino)ethyl]–benzenemethanol) |
| (၂၅) | ဆာဖရိုးလ်<br>(Safrole) | (1,3–benzodioxole,5–(2–propenyl)–) |

(ခ) ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း ၏ ဇယား (၂) ပါ ထိန်းချုပ်ဓာတုပစ္စည်းများ

ဇယား (၂)

| စဉ် | ထိန်းချုပ်ဓာတုပစ္စည်း (Precursors) | ဓာတုအမည် (Chemical Name) |
|---|---|---|
| (၁) | အက်စီတုန်း (Acetone) | (2-propanone) |
| (၂) | အင်သရာနီလစ် အက်စစ် (Anthranilic acid) | (2-aminobenzoic acid) |
| (၃) | အီသိုင်းလ် အီသာ (Ethyl ether) | (1,1'-oxybis[ethane]) |
| (၄) | ဟိုက်ဒရိုကလိုရစ် အက်စစ် (Hydrochloric acid) | (hydrochloric acid) |
| (၅) | မီသိုင်းလ် အီသိုင်းလ် ကီတုံး (Methyl ethyl ketone) | (2-butanone) |
| (၆) | ပိုင်ပါရီဒင်း (Piperidine) | (piperidine) |
| (၇) | ဆာလ်ဖြူရစ် အက်စစ် (Sulphuric acid) | (sulfuric acid) |
| (၈) | တော်လူအင်း (Toluene) | (benzene, methyl-) |

(ဂ) မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ သတ်မှတ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ

| စဉ် | ထိန်းချုပ်ဓာတုပစ္စည်း (Precursors) | ဓာတုအမည် (Chemical Name) |
|---|---|---|
| (၁) | အမိုနီယမ် ကလိုရိုက် (Ammonium Chloride) | (Ammonium Chloride) |

| | | |
|---|---|---|
| (၂) | အမိုနီယမ် နိုက်ထရိတ် (Ammonium Nitrate) | (Ammonium Nitrate) |
| (၃) | ကေဖင်း (Caffeine) | (1,3,7–trimethylpurine–2,6–dione) |
| (၄) | လိဒ် အစီတိတ် (Lead Acetate) | (Lead (2+); diacetate) |
| (၅) | မီသိုင်းလမင်း/မီသိုင်းလမင်း ဟိုက်ဒရိုကလိုရိုက် (Methylamine/Methylamine Hydrochloride) | (methanamine) |
| (၆) | ဆိုဒီယမ် အစီတိတ် (Sodium Acetate) | (Sodium Acetate) |
| (၇) | ဆိုဒီယမ် ဆိုင်ယာနိုက် (Sodium Cyanide) | (Sodium Cyanide) |
| (၈) | ဆာဖရိုးကြွယ်ဝသော အဆီ (Safrole rich oil) | (1,3–benzodioxole,5–(2–propenyl)–) |
| (၉) | တာတာရစ် အက်ဆစ် (Tartaric Acid) | (2*R*,3*R*)–2,3–dihydroxybutanedioic acid |
| (၁၀) | သိုင်အိုနိုင်းလ် ကလိုရိုက် (Thionyl Chloride) | (thionyl dichloride) |

၂။ အပိုဒ် ၁ အရ သတ်မှတ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်း၊ သုတေသန ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့အတွက် အပိုဒ် ၃ နှင့်အညီ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက် ရယူရမည်။ သို့ရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာ၌ အသုံးပြုရန် မဟုတ်သော အောက်ပါထိန်းချုပ်ဓာတုပစ္စည်းများ၊ ယင်းတို့နှင့် ပြုပြင်ဖော်စပ် ရောနှောထုတ်လုပ်ထား

သည့် ဆေးဝါးများ၊ ဒြပ်ပေါင်းများအတွက် ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက် ရယူရန်မလို -

(က) အပိုဒ် ၁ ပါ ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုးနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် ဆေးကုသရာ၌ အသုံးပြုသော ဆေးဝါးများ၊

(ခ) အလွယ်တကူ ခွဲထုတ်လုပ်၍ ပြန်လည်အသုံးမပြုနိုင်သည့် အပိုဒ် ၁ ပါ ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုး၏ ဒြပ်ပေါင်းများ၊ (ဥပမာ)ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုးဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် ဘက်ထရီအက်စစ်၊ အလှဆီ၊ အမွှေးနံ့သာ၊ ရေမွှေး၊ ဆပ်ပြာမွှေး၊ ဆိုးဆေး၊ ချေးချွတ်ဆေး၊ သုတ်ဆေး၊ ဓာတ်မြေသြဇာစသည့် အများပြည်သူ အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံး ကုန်ပစ္စည်းများ၊

(ဂ) အများပြည်သူ အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးဖြစ်သည့် အောက်ပါအလေးချိန် သို့မဟုတ် ပမာဏရှိသော ထိန်းချုပ်ဓာတုပစ္စည်းများ -

| | | |
|---|---|---|
| (၁) | အက်စစ်တစ် အင်ဟိုက်ဒရိုက် | - ၁၀ လီတာ |
| (၂) | ပိုတက်စီယမ် ပါမင်းဂနိတ် | - ၅ ကီလိုဂရမ် |
| (၃) | အက်စီတုန်း | - ၁၀ လီတာ |
| (၄) | အီသိုင်းလ် အီသာ | - ၁၀ လီတာ |
| (၅) | ဟိုက်ဒရိုကလိုရစ် အက်စစ် | - ၅၀ လီတာ |
| (၆) | ဆာလ်ဖြူရစ် အက်စစ် | - ၅၀ လီတာ |
| (၇) | တော်လူအင်း | - ၁၀ လီတာ |

(ဃ) ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်လက်မှတ်ရဆရာဝန်နှင့် လူနာများက အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ။

၃။ (က) အောက်ပါလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ၏ ထောက်ခံချက်ကို ကြိုတင်ရယူပြီးမှ ဆက်လက်ဆောင်ရွက်ရမည် -

(၁) ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊

(၂) ထိန်းချုပ်ဓာတုပစ္စည်းကို အသုံးပြု၍ ကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊

(၃) ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်း။

(ခ) အပိုဒ်ခွဲ (က) (၃) အရ လုပ်ငန်းဆောင်ရွက်သူသည် အပိုဒ် ၁ ဇယား (၁) တွင်ဖော်ပြထားသော ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းတို့အတွက် တင်သွင်းခြင်း၊ တင်ပို့ခြင်း မပြုမီ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်၊

(ဂ) ထိန်းချုပ်ဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ သို့မဟုတ် ယင်းကော်မတီက လွှဲအပ်တာဝန်ပေးသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်၏ ခွင့်ပြုချက် ရယူရမည် -

(၁) လက်ဝယ်ထားခြင်း၊

(၂) သိုလှောင်ခြင်း၊

(၃) သယ်ယူပို့ဆောင်ခြင်း၊

(၄) တစ်ဆင့်ပေးပို့ခြင်း၊

(၅) ဖြန့်ဖြူးခြင်း

(၆) ရောင်းချခြင်း၊

(၇) သုတေသနပြုလုပ်ခြင်း။

၄။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၆-၅-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၁၃/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄ မခ(လ)၂၀၂၅/ ၃၁၅၈

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၅ )ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့ဌာနမှူးအားလုံး

ညွှန်ကြားရေးမှူးချုပ် } (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

ပုံနှိပ်နှင့်ထုတ်ဝေရေးဦးစီးဌာန } မေတ္တာရပ်ခံအပ်ပါသည်)

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံး

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးအားလုံး

အမိန့်အရ

ဒေါက်တာအေးထွန်း

ဒုတိယဝန်ကြီး